မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

P.O.Box 144, Mae Sod Post Office, Tak Province 63110, Thailand. Tel/Fax: (66) (055) 542910,
Email: blcsan@ksc.th.com, Website: www.blc-burma.org

# ၂၀၁၁ ခုနှစ် လယ်ယာမြေ ဥပဒေ ကို ဥပဒေရေးရာ ဆန်းစစ်သုံးသပ်ချက်

၁။ ဤဥပဒေ ပုဒ်မ – ၂ (က) တွင် “လယ်ယာမြေ” ဆိုသည်မှာ နိုင်ငံတော်က အလိုရှိသည့်အတိုင်း သုံးစွဲနိုင်သည့် လယ်ယာလုပ်ကိုင်နိုင်သောမြေ ဟုဖော်ပြပါသည်။ နိုင်ငံတော်က အလိုရှိသည့်အတိုင်း ဆိုရာတွင် အစိုးရသည် နိုင်ငံတော်ဖြစ်နေပြီး အစိုးရသည် မြေရှင်ချုပ်ကြီးဘဝကို ခံယူလိုက်ရာ ကျရောက်သွားပါသည်။ နိုင်ငံ၏ လယ်ယာမြေအားလုံးကို မင်း (ရှင်ဘုရင်) က ပိုင်သည့် ပဒေသရာဇ်မြေရှင်စနစ်၏ လယ်ယာမြေပိုင်ဆိုင်မှုနှင့် တထပ်တည်း တူညီနေပါသည်။

၂။ ဤဥပဒေ ပုဒ်မ–၂ (ခ) “လယ်ယာမြေ အသုံးချခွင့်” ဆိုသည်မှာ နိုင်ငံတော်သည် မြေယာအားလုံ၏ ပင်းရင်းပိုင်ရှင်ဖြစ်၍ လယ်ယာမြေကို စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်အလို့ငှာ သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ လက်ဝယ်ထားရှိ၍ စိုက်ပျိုး လုပ်ကိုင် အသုံးချခွင့်ပြုခြင်းကို ဆိုသည်။ သို့ရာတွင် မြေပေါ်မြေအောက်ရှိ ကျောက်မျက်၊ သတ္တု၊ ရေနံနှင့် ဓာတ်ငွေ့ စသည့် သဘာဝသယံဇာတများ ထုတ်ယူအသုံးချခွင့် မပါဝင်ချေဟု ဖော်ပြထားပါသဖြင့် လက်ဝယ်ထားရှိခွင့်ကိုသာ ခွင့်ပြုချက်ပေးပြီး ပိုင်ဆိုင်ခွင့်မပေးကြောင်း ထင်ရှားစေပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရကတည်းကပြဋ္ဌာန်းလာသည့် “လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေ” တို့တွင် လယ်မြေကို ၅၀ ဧက အထက်၊ ယာမြေကို ၂၅ ဧက အထက်၊ ကိုင်းမြေကို ၁၀ ဧကအထက်ရှိ မြေများကိုမှ နိုင်ငံပိုင်အဖြစ် သိမ်းယူခဲ့သည်ကို တွေ့ရပါသည်။ သိမ်းယူသည့် ရည်ရွယ်ချက်မှာလည်း သိမ်းပြီးမြေများကို တောင်သူလယ်သမားများကို ခွဲဝေပိုင်ဆိုင်စေလို၍ ဖြစ်ပါသည်။ တောင်သူလယ်သမားများကိုလည်း အနည်းဆုံး တတုံးထွန်အထိ ခွဲဝေပိုင်ဆိုင်စေခဲ့ပါသည်။ မည်သူ့ကိုမျှ လယ်ယာမြေ အမြောက်အများ ပိုင်ဆိုင်ခွင့်ကို မပေးခဲ့ပေ။ ယခုမူ ထိုဥပဒေများအားလုံးကို ဖျက်၍ အစိုးရက လယ်ယာမြေ အမြောက်အမြားလုပ်ကိုင်ခွင့်ကို အစိုးရလက်ဝေခံကုမ္ပဏီများ၊ နိုင်ငံခြားသား လုပ်ငန်းရှင်များကို ခွင့်ပြုနေသည်ကို တွေ့ရပါသည်။ ထို့ကြောင့် လယ်သမားများမှာ ပိုင်ဆိုင်ခွင့်မရှိသည့် လယ်ယာမြေပေါ်တွင် သူရင်းငှားများဘဝသို့ ကျရောက်သွားစေရန် ပြဋ္ဌာန်းလိုက်သည့် ဥပဒေဖြစ်ကြောင်းတွေ့ရှိရပါသည်။

၃။ ဤဥပဒေ ပုဒ်မ–၂ (ဂ) “တောင်သူလယ်သမား” ဆိုသည်မှာ အောက်ဖော်ပြပါ တစ်ရပ်ရပ်နှင့် ကိုက်ညီသူကို ဆိုလိုသည်။

၁။ မြေကို အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း (သို့မဟုတ်) မွေးမြူရေးလုပ်ငန်း (သို့မဟုတ်) လုပ်ငန်းနှစ်ရပ်စလုံးကို မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင် လုပ်ကိုင်သူ (သို့မဟုတ်) မိမိကိုယ်တိုင် အစဉ်တစိုက် လုပ်ကိုင်ခဲ့သူ၊

စိုက်ပျိုးရေးလုပ်ငန်းအပြင် မွေးမြူရေးလုပ်ငန်းလည်း ပါလာသဖြင့် တောင်သူလယ်သမားနှင့် ရေလုပ်သား (တံငါ) အလွှာနှစ်ရပ်ကို ရောထွေးဖော်ပြခြင်းဖြစ်သည်။ လယ်ယာမြေများကို မွေးမြူရေးလုပ်ငန်းအတွက်ပါ (မြစ်ဝကျွန်းပေါ်မြို့နယ်များမှ ရေနက်ကွင်းများ) အသုံး ပြုလာသဖြင့် လယ်ယာမြေများ တိမ်ကော လျော့နည်းမှုကို ဖြစ်ပေါ်စေပါသည်။

၂။ ဆိုင်ရာနှစ်တွင် မြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း (သို့မဟုတ်) မွေးမြူရေးလုပ်ငန်း (သို့မဟုတ်) လုပ်ငန်းနှစ်ရပ်စလုံးကို မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ငန်းလုပ်ကိုင်ချိန် တစ်လျှောက်လုံး ကိုယ်တိုင်ကြီးကြပ် လုပ်ကိုင်သူ၊

ကြီးကြပ်လုပ်ကိုင်သူ ဟုဖော်ပြချက်မှာ မြေရှင် (သို့မဟုတ်) ကုမ္ပဏီပိုင်ရှင်များ တောင်သူလယ်သမား၏ အခွင့်အရေးများကို ရယူနိုင်ရန် လမ်းဖွင့်ပေးထားသလို ဖြစ်နေပါသည်။ လယ်ယာမြေကို မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ်ဖြင့် မိမိလက်ဖြင့်လုပ်ကိုင်သူကိုသာ တောင်သူလယ်သမားအဖြစ် သတ်မှတ်သင့်ပါသည်။ ကြီးကြပ်သူမှာ မည်သူမဆိုဖြစ်နိုင်သဖြင့် တောင်သူလယ်သမား ဟုသတ်မှတ်ချက်မှာ ဥပဒေဝေါဟာရ အသုံးအနှုန်း မတိကျပါ။ ဥပဒေ၏ဟာကွက် အဖြစ်ဖော်ပြချက်မှာ အင်မတန် အန္တရာယ်ကြီးလေးပါသည်။

၃။ မြေကို အသုံးပြု၍ ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် (သို့မဟုတ်) စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရန်အလို့ငှာ အရင်းအနှီး မတည်စိုက်ထုတ်၍ လုပ်ငန်းလုပ်ကိုင်ချိန် တစ်လျှောက်လုံး ကိုယ်တိုင်လုပ်ကိုင်သူ (သို့မဟုတ်) ကြီးကြပ်စီမံလုပ်ကိုင်သူ၊

နှစ်ရှည်သီးနှံများစိုက်ပျိုးရန် (သို့မဟုတ်) စီးပွားဖြစ်မွေးမြူရန် အရင်းအနှီးမတည်သူ (သို့မဟုတ်) ကြီးကြပ်စီမံလုပ်ကိုင်သူများကို ကြည့်လိုက်လျှင် စစ်ဗိုလ်ချုပ်ကြီးများနှင့် နီးစပ်သူ ကုမ္ပဏီပိုင်ရှင်ကြီးများနှင့် စစ်အုပ်စုဆွေမျိုးများဖြစ်နေသည်ကို အထောက်အထားခိုင်လုံစွာဖြင့် နေ့စဉ်တွေ့မြင်နေရပါသည်။ ၎င်းတို့ကိုပါ တောင်သူလယ်သမားများအဖြစ် သတ်မှတ်ချက်မှာ လက်ဝါးကြီးအုပ် သွေးစုပ်ချယ်လှယ်နိုင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း ပေါ်လွင်နေပါသည်။

၄။ မြေကို အသုံးပြု၍ စိုက်ပျိုးရေး၊ မွေးမြူရေး ဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင် ရွက်နေသူ၊

မြေရှင်၊ အရင်းရှင်ကြီးများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ နိုင်ငံခြားသားများလည်း တောင်သူလယ်သမား စာရင်းတွင် မည်သူမဆို ပါဝင်နိုင်ရန် ထည့်သွင်းထားခြင်းမှာ အစိုးရတရပ်တွင် ထားသင့် ရှိသင့်သည့် မူသဘောထား မဖြစ်ထိုက်ပါ။ တောင်သူလယ်သမားများကို အကြောင်းပြု၍ လာဘ်ပေးလာဘ်ယူ အကျင့်ပျက်ခြစားမှုများကို ဖိတ်ခေါ်သလို ဖြစ်နေပါသည်။

၅။ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် ယင်းတို့နှင့် ဆက်နွယ်လျက်ရှိသော ထုတ်လုပ်မှုလုပ်ငန်း အလို့ငှာ မြေကို အသုံးပြု၍ ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များ ကိုယ်တိုင် ထုတ်လုပ် ရောင်းချသူကို ဆိုလိုသည်။

ယေဘုယျဆန်လွန်းသည့် ဥပဒေအသုံးအနှုန်းဖြင့် တောင်သူလယ်သမား ဆင်းရဲသူ ဆင်းရဲသားများ၏ ဘဝကို မဖျက်ဆီးသင့်ပါ။ နိုင်ငံအကျိုးစီးပွားကို လွန်စွာထိခိုက်နိုင်ပါသည်။

၄။ ဤဥပဒေ ပုဒ်မ – ၄ အသုံးချခွင့်ပြုသည့် လယ်ယာမြေများနှင့်စပ်လျဉ်း၍ အောက်ပါအခွင့်အရေးများကို ရရှိစေရမည်–

(က) အဆိုပါ လယ်ယာမြေကို လက်ရှိထားနိုင်ခွင့်၊ လုပ်ကိုင်နိုင်ခွင့်၊ ယင်းသို့လုပ်ကိုင်ခြင်းမှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားနိုင်ခွင့်၊

(ခ) အဆိုပါ လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်း၊ မှတ်ချက်။ ။ပေါင်နှံခြင်းဆိုသည်မှာ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီး အလို့ငှာ အစိုးရဘဏ် (သို့) အစိုးရ အသိအမှတ်ပြုဘဏ်တွင် ပေါင်နှံခြင်းကို ဆိုလိုသည်။

(ဂ) အပိုဒ်ခွဲ (ခ) အရ ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အမြတ်ခွန် ကင်းလွတ်ခြင်း၊

(ဃ) အဆိုပါ လယ်ယာမြေ အသုံးချခွင့်ကို အမွေဆက်ခံခြင်း၊ ယင်းအမွေဆက်ခံခြင်းနှင့် ပတ်သက်၍ တည်ဆဲအခြားတရားဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ တရားရုံးများက စီရင်ဆုံးဖြတ်ပိုင်ခွင့် မရှိစေရ။

(င) လယ်ယာမြေ အသုံးချခွင့်ကာလကို နှစ်ရှည်သီးနှံစိုက်ပျိုးလျှင် စတင်ခွင့်ပြုသည့် နှစ်မှစ၍ သတ်မှတ်သည့် စည်းကမ်းဖောက်ဖျက်ခြင်းမရှိပါက နှစ်ပေါင်း (၆၀) အထိ ရရှိမည်။

ခွင့်ပြုသည့် သက်တမ်းကာလ ကုန်ဆုံးပြီးနောက် သက်တမ်းတိုးခွင့် လျှောက်ထားနိုင်သည်။ ရာသီသီးနှံ စိုက်ပျိုးလျှင် သတ်မှတ်သည့် စည်းကမ်းများကို ဖောက်ဖျက်ခြင်းမရှိသရွေ့ အသုံးချခွင့်ရှိသည်။ ဟုဖော်ပြထားပါသည်။

လက်ရှိထားပိုင်ခွင့်ဆိုသည်မှာ လယ်ယာလုပ်ကိုင်သူ တောင်သူလယ်သမားများအတွက် “လယ်လုပ်သူ လယ်ယာမြေပိုင်ဆိုင်ခွင့်” အလျဉ်းမဟုတ်ပါ။ အစိုးရကသာ ပိုင်ဆိုင်ခွင့်ရှိသည့် အစိုးရလက်ဝါးကြီးအုပ် မြေရှင်ကြီးစနစ်ဖြင့် သွေးစုပ်ချယ်လှယ်နိုင်ရန် ဖော်ပြချက်ဖြစ်ကြောင်း ပေါ်လွင်လွန်းပါသည်။ တောင်သူလယ်သမားအခွင့်အရေးကို ဘာတခုမှ ကာကွယ်ပေးရန် ပြဋ္ဌာန်းချက်မပါရှိဘဲ အစိုးရကသာ အသုံးချချယ်လှယ်နိုင်ရန် ကျင့်သုံးသွားမည့် ပြဋ္ဌာန်းချက် ဖြစ်နေပါသည်။

လယ်ယာမြေအသုံးချခွင့်ကို အမွေဆက်ခံခြင်းနှင့်ပတ်သက်၍ တရားရုံးများက စီရင်ဆုံးဖြတ်ပိုင်ခွင့်မရှိစေရ ဟု ပါရှိနေရာ တောင်သူလယ်သမားများအဖို့ တရားမျှတမှု၊ တရားဝင်အခွင့်အရေးများ၊ တောင်သူလယ်သမားများဆိုင်ရာ လူ့အခွင့်အရေးများကို မည်သည့်နေရာတွင် ရှာဖွေရပါမည်နည်း။ နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပစ်ပယ်လိုက်ရာကျနေပါသည်။ အစိုးရအုပ်ချုပ်ရေးအာဏာက နေရာတိုင်း အပေါ်စီးယူထား၍ တရားစီရင်ရေး လွတ်လပ်မှုကို ပျောက်ကွယ်သွားစေပါသည်။

၅။ ဤဥပဒေ ပုဒ်မ – ၇ အသုံးချခွင့် ရရှိထားသော လယ်ယာမြေနှင့် ပတ်သက်၍ အောက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်–

(က) မည်သူမဆို ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနက စည်းကြပ်သော မြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လုံလောက်သော အကြောင်းမရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်း မပြုရ။

(ဃ) မြေအသုံးချခွင့်ရသော လယ်ယာမြေကို သတ်မှတ်သည့် မှတ်ပုံတင်ကြေးပေး ဆောင်၍ ဦးစီးဌာနတွင် မှတ်ပုံတင်ထားရမည်။

(င) လယ်ယာမြေကို ရောင်းချခြင်း၊ ပေးကမ်းခြင်း မပြုရ။

(စ) လယ်ယာမြေနှင့် စပ်လျဉ်း၍ လဲလှယ်ခြင်း၊ ပေါင်နှံခြင်းနှင့် အမွေဆက်ခံခြင်း စသည်တို့ကို ဆောင်ရွက်သည့်အခါ သတ်မှတ်သည့် ဝန်ဆောင်မှု အခွန်အခပေးဆောင်၍ သက်ဆိုင်ရာ ဦးစီးဌာနရုံးတွင် မုချ မှတ်ပုံတင်ရမည်။

(ဆ) လယ်ယာမြေပေါ်တွင် ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်း သုံးစွဲခြင်း မပြုရ။

(ဇ) သက်ဆိုင်ရာ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ တရားဝင်ချထားခြင်းမရှိဘဲ ကျူးကျော်လုပ်ကိုင်ခြင်းမပြုရ ဟုဖော်ပြထားပါသည်။

အစိုးရက စည်းကြပ်သော မြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်ဟု သတ်မှတ်ပါသည်။ မြေခွန်နှင့် အခြားအခွန်အခများမှာ သီးစားခနှင့် တထပ်တည်းဖြစ်ပါသည်။ အစိုးရမြေရှင်ချုပ်ကြီးသို့ တောင်သူလယ်သမားက တိုက်ရိုက်ထမ်းဆောင်ရမည့် သီးစားခ ဖြစ်ပါသည်။

လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဆိုသည်မှာ စစ်အစိုးရ အဆက်ဆက်က မြေယာကော်မတီများပင် ဖြစ်မြဲဖြစ်နေပါသည်။ တစုံတရာ ပြောင်းလဲမှုရှိသည့် လယ်ယာမြေအုပ်ချုပ်ရေးစနစ်မဟုတ်ပါ။ ထိုထက်ပင် ပိုဆိုးလာသည့် ဥပဒေပုဒ်မများ ဖြစ်နေသည်ကို တွေ့ရပါသည်။

(၆) ဤဥပဒေ ပုဒ်မ – ၈ ဤဥပဒေ အာဏာတည်ပြီးသည့်နောက် လယ်ယာမြေအသုံးချခွင့် အငြင်းပွားမှု အရှုပ်အရှင်းဖြစ်လာလျှင် ဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးမှသာ တရားဝင် ဖြေရှင်းဆောင်ရွက်နိုင်ခွင့်ရှိသည်။

မှတ်ပုံတင်ထားပြီးမှသာ တရားဝင် ဖြေရှင်းဆောင်ရွက်နိုင်ခွင့် ဆိုသည်မှာ တရားရုံးတွင်မဟုတ်ပါ။ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သာလျှင်ဖြစ်ပါသည်။ ငွေများ တရားနိုင်၊ အာဏာများ တရားနိုင်ခေတ်ကို ရောက်လာအောင် လမ်းဖောက်ထားခြင်းသာ ဖြစ်ပါသည်။ တရားမျှတမှုကို ရှာဖွေပေးနိုင်မည့် အဖွဲ့များမဟုတ်ပါ။

(၇) ဤဥပဒေ ပုဒ်မ – ၁၁ တွင် ဝန်ကြီးဌာနသည် အစိုးရ၏ သဘောတူညီချက်ဖြင့် ဤဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ အောက်ပါ လယ်ယာမြေ စီမံခန့်ခွဲမှု အဆင့်ဆင့်ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(က) ဗဟို လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့

(ခ) တိုင်းဒေသကြီး/ ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့

(ဂ) ခရိုင် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့

(ဃ) မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့

(င) ရပ်ကွက်/ ကျေးရွာ အုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့

မဆလ ခေတ်က မြေယာကော်မတီနှင့် တထပ်တည်း တူညီနေသည်ကိုတွေ့ရသည်။

(၈) ဤဥပဒေ ပုဒ်မ – ၁၃ (က) အငြင်းပွားမှုများကို လက်ခံကြားနာ စစ်ဆေးခြင်းနှင့် ဆုံးဖြတ်ခြင်း။ အယူခံခြင်းနှင့် ပြင်ဆင်ခြင်း၊ အပြီးအပြတ် အတည်ဖြစ်စေခြင်း။

အငြင်းပွားမှု အဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်သည်ဟု ပြဋ္ဌာန်းချက်မှာ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးအာဏာကို ပြောင်စိန်ခေါ်ထားခြင်း ဖြစ်နေပါသည်။ တောင်သူလယ်သမားများ တရားရုံးသို့ မသွားရဟု ပိတ်ပင်လိုက်ခြင်းဖြစ်ပါသည်။

(၉) ဤဥပဒေ ပုဒ်မ – ၁၆ ဤဥပဒေနှင့်အညီဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေနှင့်အညီဖြစ်စေ ဆောင်ရွက်သည့် ကိစ္စတစ်ရပ်ရပ်အတွက် ဤဥပဒေ ပုဒ်မ ၁၁ တွင် ပြဋ္ဌာန်းထားသော အဖွဲ့ဝင်များကို တရားရုံး တစ်ခုခုတွင် တရားစွဲဆိုခြင်း မပြုရ။

အဖွဲ့ဝင်များကို တရားရုံး တစ်ခုခုတွင် တရားစွဲဆိုခြင်း မပြုရဟု ပြဋ္ဌာန်းချက်မှာ ပြစ်မှုဆိုင်ရာဥပဒေ (မူရင်း–ရာဇသတ်ကြီး) ၏ ပြစ်မှုနှင့်ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ယူလိုက်ခြင်းဖြစ်နေပါသဖြင့် တရားဥပဒေစိုးမိုးရေး၊ တရားဥပဒေအတိုင်း အုပ်ချုပ်ရေးကို ဖောက်ဖျက်ထားခြင်းဖြစ်ပါသည်။ တောင်သူလယ်သမားများ၏ ဘဝချမ်းမြေ့သာယာမှုကို ဖျက်ဆီးသည့် တရားမဲ့မှုကို ဖော်ပြနေပါသည်။

(၁၀) ဤဥပဒေ ပုဒ်မ – ၂၂ တည်ဆဲ အခြားတရားဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံတော်အကျိုးအလို့ငှာ ပြန်လည်သိမ်းယူသည့် လယ်ယာမြေများအတွက် နစ်နာကြေးနှင့် လျော်ကြေး ကိုနည်းဥပဒေပြဋ္ဌာန်းသတ်မှတ်ပေးရမည်။

မြန်မာနိုင်ငံတနိုင်ငံလုံးတွင် သိမ်းပိုက်ခေါ်ပြတိုက်ယူထားသည့် လယ်ယာမြေအမြောက်အမြားကို တောင်သူလယ်သမားများလက်သို့ ပြန်လည်အပ်နှံသင့်ပါသည်။ သိမ်းယူထားစဉ် နစ်နာကြေးနှင့် လျော်ကြေးများကို ယခုတိုင် မှန်မှန်ကန်ကန် ချမှတ်ပေးခြင်း လည်းလုံးဝမရှိပါ။ နည်းဥပဒေ ပြဋ္ဌာန်းသတ်မှတ်ပေးမည် ဆိုခြင်းမှာလည်း ယုံကြည်နိုင်စရာမရှိကြောင်း လောလောဆယ် ကချင်ပြည်နယ်တရားရုံးက ချမှတ်ထားသည့် လယ်ယာမြေဆိုင်ရာ နစ်နာကြေးနှင့် လျော်ကြေးပေးထားသည့် အမှုတွဲများကိုကြည့်လျှင် တွေ့မြင်နိုင်ပါသည်။

(၁၁) ဤဥပဒေ ပုဒ်မ – ၂၈၊ ၂၉ နှင့် ၃၀ တို့တွင် လိုက်နာရန် ပျက်ကွက်လျှင်၊ (သို့မဟုတ်) မိမိအလိုအလျောက် ဟန့်တားလျှင် (၆) လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းအထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည် ဟုဖော်ပြထားပါသည်။

တောင်သူလယ်သမားများဘက်မှ ကာကွယ်ပေးမည့်အစား ထောင်ထဲထည့်ရန် ပြဋ္ဌာန်းချက်မှာ အစိုးရကျင့်သုံးမည့် လယ်ယာမြေအုပ်ချုပ်ရေးစနစ်ကို တွေ့မြင်ရပါသည်။

(၁၂) ဤဥပဒေ၏ နောက်ဆုံးပုဒ်မ – ၃၂၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ၊ ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေ၊ ၁၉၆၃ ခုနှစ် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်သည့် ဥပဒေနှင့် ၁၉၆၅ ခုနှစ် သီးစားချထားရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ တို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ဤဥပဒေကို ရုပ်သိမ်းသည့်အခါ အဆိုပါ ဥပဒေများအရ ဆောင်ရွက်ခဲ့ပြီးသော ကိစ္စရပ်များ ပျက်ပြယ်ခြင်း မရှိစေရ။ မပြီးမပြတ် ကျန်ရှိနေသေးသော ကိစ္စရပ်များကို ဤဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်။

ဥပဒေအရ ဆောင်ရွက်ပြီးခဲ့သော ကိစ္စရပ်များမှာလည်း မတရားစီရင်ဆုံးဖြတ်ချက်များဖြစ်နေသဖြင့် တရားရုံးအဆင့်ဆင့်သို့ အယူခံတက်နေရဆဲဖြစ်ပါသည်။ ကျန်နေသောကိစ္စကိုလည်း ဤဥပဒေဖြင့် ဆုံးဖြတ်မည်ဟု သတ်မှတ်လိုက်ခြင်းမှာ လယ်သမားထုတရပ်လုံးအား စိန်ခေါ်လိုက်သလိုဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ တောင်သူလယ်သမားများအခွင့်အရေးကို ကာကွယ်ပေးရန်၊ ဘဝမြှင့်တင်မှုကိုလုပ်ဆောင်ပေးရန် ပြဋ္ဌာန်းချက် တစုံတရာမပါရှိဘဲ အုပ်ချုပ်ရေးအရ လုပ်ဆောင်ပြီးသော၊ လုပ်ဆောင်နေသော လုပ်ငန်းများအတွက် ကာကွယ်ရန်ကိုသာ ဦးစားပေး ပြဋ္ဌာန်းလာပါသဖြင့် ဤဥပဒေအား ဖျက်သိမ်းပစ်ရန် လိုအပ်ပါကြောင်း ဆန်းစစ်သုံးသပ်ရပါသည်။

ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

ရက်စွဲ – ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၂၀) ရက်။

**ဆက်သွယ်ရန် –**

ဦးမျိုး (တာဝန်ခံ)
ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့
ဖုန်း – ၀၈ ၆ ၂၁၆၀ ၁၀၈